University of Medicine (1), Yangon

# Interim University Council

ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ယာယီတက္ကသိုလ်ကောင်စီ

**ကြေညာချက်အမှတ် (၀၁/၂၀၂၂)**
**(၂၀၂၂) ခုနှစ် ၊ ဇန်နဝါရီလ (၁၆) ရက်**
**(၁၃၈၃) ခုနှစ် ၊ ပြာသိုလပြည့်နေ့**

## အကြမ်းဖက် စစ်ကောင်စီလက်အောက်ခံ ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ ဖွင့်လှစ်သော ဘွဲ့ကြိုသင်တန်းအသီးသီးသို့ တက်ရောက်သည့် ကျောင်းသူ/သားများနှင့် ပက်သက်၍ ထုတ်ပြန်ကြေညာချက်

အကြမ်းဖက်စစ်ကောင်စီနှင့် ၎င်းတို့၏ လက်အောက်ခံ ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ ဘွဲ့ကြိုသင်တန်း (ပုံမှန်) နှင့် ဘွဲ့ကြိုသင်တန်း (နောက်ဆက်တွဲ) သင်တန်းများကို ဖွင့်လှစ်နေပြီး ထိုသင်တန်းများတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ကျောင်းသူ/သား အချို့တက်ရောက်နေသည်ကို တွေ့ရှိ ကြားသိရသည်။ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာထားပြီးဖြစ်သည့် စစ်ကောင်စီ၏ ညွှန်ကြားချက်အောက်မှ ဖွင့်လှစ်သည့် ထိုသင်တန်းများသည် တရားဝင်မှု လုံး၀ (လုံး၀) မရှိသည့်အပြင် ထိုသင်တန်းများတွင် တက်ရောက်နေသော ကျောင်းသူ/သားသည် စစ်ကောင်စီ၏ယန္တရားတွင် ပူးပေါင်းပါ၀င်မှုအတွက် သင့်လျော်သော အရေးယူမှုများလည်း ရှိမည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ယာယီတက္ကသိုလ်ကောင်စီ ၏ (၁၉-၁၁-၂၀၂၁) ရက်စွဲပါ ကြေညာချက်အမှတ် (၁၆/၂၀၂၁) ဖြင့် အတိအလင်း ထုတ်ပြန် ကြေညာထားပြီး ဖြစ်သည်။

"စစ်ကောင်စီလက်အောက်ခံသင်တန်းများသို့ တက်ရောက်သောကျောင်းသားများနှင့် ပက်သက်၍ ဆေးတက္ကသိုလ်(၁) ကျောင်းသားသမဂ္ဂမှ ကျောင်းသားထုအသံနှင့်အတူ ဆေးတက္ကသိုလ်(၁) ယာယီတက္ကသိုလ်ကောင်စီထံ တင်ပြတောင်းဆိုချက်" ကို ဆေးတက္ကသိုလ်(၁)ကျောင်းသားသမဂ္ဂ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ (၁၀-၀၁-၂၀၂၂) ရက်စွဲဖြင့် ပေးပို့လာသည်ကိုလည်း လက်ခံရရှိခဲ့သည်။

စစ်ကောင်စီ၏ ညွှန်ကြားချက်အောက်မှ ဖွင့်လှစ်သည့် သင်တန်းများမှ ရရှိလာသော ကျောင်းသူ/သားများ၏ တတ်မြောက်မှု မှတ်တမ်း ဟူသမျှကို ကျွန်ုပ်တို့ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ယာယီတက္ကသိုလ်ကောင်စီမှ လုံး၀ (လုံး၀) အသိအမှတ်ပြုမည် မဟုတ်ပါကြောင်း ထပ်လောင်း ထုတ်ပြန်ကြေညာအပ်သည်။

ထို့အပြင် ယာယီတက္ကသိုလ်ကောင်စီအဖွဲ့ဝင်များ၏ မဲခွဲဆုံးဖြတ်အတည်ပြုချက်များအရ အောက်ဖော်ပြပါ အရေးယူမှုများကို ကျွန်ုပ်တို့ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ယာယီတက္ကသိုလ်ကောင်စီ အနေဖြင့် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

၁။ စစ်ကောင်စီ၏ ညွှန်ကြားချက်အောက်မှ ဖွင့်လှစ်သည့် ဘွဲ့ကြိုသင်တန်း (ပုံမှန်) နှင့် ဘွဲ့ကြိုသင်တန်း (နောက်ဆက်တွဲ) သင်တန်းများကို တက်ရောက်သည့် ကျောင်းသူ/သား များအားလုံးကို စစ်ကောင်စီ၏ယန္တရားတွင် ပူးပေါင်းပါဝင်မှုအတွက် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ပျက်ယွင်းသူများအဖြစ် သတ်မှတ်၍ အမည်ပျက်စာရင်း ထုတ်ပြန်ကြေညာသွားမည် ဖြစ်သည်။

၂။ ထိုအမည်ပျက်စာရင်းဝင်ကျောင်းသူ/သားများကို ယာယီတက္ကသိုလ်ကောင်စီ၏ ကြားကာလ ပညာရေးတွင် ပါဝင်ခွင့်အား ချက်ချင်းရပ်ဆိုင်းသွားမည်ဖြစ်ပြီး တော်လှန်ရေးကာလအလွန် ပုံမှန် သင်တန်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ပထမနှင့် ဒုတိယပညာသင်နှစ် (၂) နှစ် တိတိကို ဆိုင်းငံ့ပြီး ထိုကာလများကို အကျင့်စာရိတ္တပိုင်းဆိုင်ရာ စစ်ဆေးအကဲဖြတ်ရေးကာလ အဖြစ် သတ်မှတ်မည် ဖြစ်သည်။ သက်ဆိုင်ရာ စစ်ဆေးအကဲဖြတ်အဖွဲ့မှ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ကျေနပ်ဖွယ်ရှိကြောင်း မှတ်ချက်ပြုမှသာ တတိယပညာသင်နှစ်စတင်ချိန်တွင် ထိုကျောင်းသူ/သား၏ တော်လှန်ရေးကာလ မတိုင်မီ ရောက်ရှိနေခဲ့သော မူလအတန်းကို ပြန်လည် တက်ရောက်ပညာသင်ယူခွင့်ပြုမည် ဖြစ်သည်။

၃။ ဆိုင်းငံ့ထားသော ပညာသင်နှစ်ကာလများတွင် တက္ကသိုလ်/ကျောင်းပြောင်း ပညာသင်ယူခြင်း၊ Student Exchange Program များတွင်ပါဝင်ခြင်း၊ တက္ကသိုလ်ပညာသင် ကျောင်းသူ/သားအဖြစ်မှနှုတ်ထွက်ခြင်း နှင့် ပညာရေးဆိုင်ရာ ထောက်ခံချက်များ ရယူခြင်း တို့ကို ခွင့်ပြုမည်မဟုတ်ပါ။

၄။ အမည်ပျက်စာရင်းဝင် ကျောင်းသူ/သားကို ဘွဲ့နှင်းသဘင် အခမ်းအနားအပါအဝင် ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ ပွဲလမ်းသဘင် အခမ်းအနားများအားလုံးတွင် တက်ရောက်ပါဝင်ခွင့်အား တားမြစ် ကန့်သတ် ထားမည် ဖြစ်သည်။

၅။ စစ်ကောင်စီ၏ ယန္တရားတွင် ပူးပေါင်းပါဝင်ခဲ့ပါကြောင်းနှင့် ပညာသင်ဆိုင်းငံ့ခြင်းပြစ်ဒဏ် ချမှတ် ခံထားရဖူးကြောင်း ကို အဆိုပါ ကျောင်းသူ/သားများ၏ ပညာရေးဆိုင်ရာအထောက်အထားများ၌ မှတ်ချက် ရေးသားဖော်ပြသွားမည် ဖြစ်သည်။

၆။ ပြည်တွင်းပြည်ပရှိ ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ မိတ်ဖက်တက္ကသိုလ်များ၊ ဆေးပညာဆိုင်ရာ အဖွဲ့အစည်းများထံသို့လည်း အမည်ပျက်စာရင်းများပေးပို့သွားမည် ဖြစ်သည်။

၇။ အဆိုပါ အမည်ပျက်စာရင်းဝင် ကျောင်းသူ/သားအတွက် ပညာရေးဆိုင်ရာအထောက်အထားများ မှန်ကန်ပါကြောင်း ထောက်ခံချက်ပေးခြင်း (Verification and Recommendation Process) များကို ဆေးတက္ကသိုလ် (၁) ရန်ကုန်အနေဖြင့် လက်ခံ ပြန်ကြား ဆောင်ရွက်ပေးသွားမည် မဟုတ်ပါ။

ထို့အတွက်ကြောင့် ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ ကျောင်းသူ/သားများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ်ကြေညာထားသော စစ်ကောင်စီလက်အောက်ခံ ကျောင်းအုပ်ချုပ်ရေး အဖွဲ့မှ ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်၍ အကြမ်းဖက်အဖွဲ့အစည်းနှင့် ပူးပေါင်းသည်ဟု စုံစမ်းသိရှိရပါက အထက်ဖော်ပြပါ အရေးယူမှုများရှိမည်ဖြစ်ကြောင်း အတိအလင်း ကြေညာအပ်သည်။

**ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ယာယီတက္ကသိုလ်ကောင်စီ**